
ကိုဓာ်ကဍူးချိုဓိုကော့ပညာ


# ဒဂုန်တာရာ

## တာရာမဂ္ဂဇင်း၏ နိဂုံး



mgyoe.com

ရွှေတစ်ဝက် မြတစ်ဝက် သစ်ရွက်များသည် ပြေးလွှားရာမှ ကျွန်တော့်စားပွဲပေါ်သို့ လွင့်လာသည်။ ရော်သစ်ရွက်ခြောက်များ ရှုပ်တိုက်ပြေးသံသည် လေးနှစ်ကျော် ဖြတ်သန်းလာခဲ့သော အယ်ဒီတာဘဝပုံပြင်ကို ပြောပြနေသည်။ နှစ်ကာလကြာသော် တကယ့်အဖြစ်အပျက်သည် ပုံပြင်ဖြစ်သွားတော့သည်။ တန်ခူးဆန်းပြီမို့ ပိတောက်နံ့ သင်းလာသည်။ စားပွဲဘေးတွင် ပုံနေကြသော ဘလောက်တုံးများ၊ မဂ္ဂဇင်းအဟောင်းထပ်များသည် မကြာမီ အတိတ်၏ ပစ္စည်းဟောင်းများ ဖြစ်ပေတော့မည်။ ကျွန်တော်သည် နောက်ဆုံးထုတ် မဂ္ဂဇင်းတွင် မာတိကာစီရန်အတွက် ရိုက်ပြီးစာမျက်နှာများကို လှန်ကြည့်လိုက်သည်။ ထွက်ခါစနှင့် မတူတော့ပြီ။ ထွက်ခါစက လွတ်လပ်ရေးတိုက်ပွဲခေတ်၊ ယခုကား ပြည်တွင်းစစ်အဟုန်ဖြင့် မြင့်မားနေသောခေတ်။ ထွက်ခါစက နှင်းဆီလမ်း၏ အလှအပကို ကဗျာကျူး၍ ချီသော်လည်း ယခုကဲ့သို့ ယမ်းနံ့လှိုင်နေသောကာလ၌ ကံ့ကော်ရနံ့သည်ပင် မမွှေးထုံတော့ပြီ။



# ဒဂုန်တာရာ

## တာရာမဂ္ဂဇင်း၏ နိဂုံး

ISBN9789997117670
DGT30
9 789997 117670
800.00 KS

mgyoe.com

တာရာမဂ္ဂဇင်းဓါနိဂုံ။ ဒဂုန်တာရာ
မျက်နှာဖုံးဒီဇိုင်း - unsplash image
စာမျက်နှာ ၆၈ မျက်နှာ၊ ၁၀ • ၂ စင်တီ× ၁၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

# တာရာမဂ္ဂဇင်း၏ နိဂုံး

ဒဂုန်တာရာ

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

တာရာမဂ္ဂဇင်းဟူသောအမည်သည် မြန်မာစာပေနယ်တွင် များစွာထင်ရှားသည်။ အထူးသဖြင့် စာပေသစ်အယူအဆနှင့်သော်လည်းကောင်း၊ စာရေးဆရာကြီးဒဂုန်တာရာနှင့်သော်လည်းကောင်း ယှဉ်တွဲ၍ သိကြပြီးဖြစ်သည်။ လွတ်လပ်ရေးမရမီ ၁၉၄၆ ခုနှစ်မှစတင်ကာ လွတ်လပ်ရေး ရပြီး ၁၉၅၀ ခုနှစ်အထိ ၄ နှစ်ခန့်သာ ထုတ်ဝေခဲ့သော်လည်း "တာရာမဂ္ဂဇင်း"ကို စာပေလေ့လာသူတို့က စိတ်ဝင်စားကြသည်။ တန်ဖိုးထားကြသည်။

အဆိုပါ မဂ္ဂဇင်းကို အစမှ အဆုံးတိုင် ပဲ့ကိုင်လှုပ်ရှားခဲ့သော စာရေးဆရာကြီး ဒဂုန်တာရာ ကိုယ်တိုင် ပြန်လည်ရေးပြထားသော တာရာမဂ္ဂဇင်း၏ ဖြစ်တည်သန်းမှု၊ ဖန်တီးမှုတို့အပြင် နိဂုံးပိုင်းသို့ ရောက်ရှိရပ်တန့်ခဲ့ရပုံအထိ အသေးစိတ်ပါဝင်သည့် "တာရာမဂ္ဂဇင်း၏ နိဂုံး" မဂ္ဂဇင်း အခန်းဆက်ဆောင်းပါးရှည်သည် မဂ္ဂဇင်းတစ်စောင်၏ သမိုင်းသာမက စာပေသမိုင်း အဆစ်အပိုင်းတစ်ခုလည်း ဖြစ်ပါသဖြင့် ရွေးချယ်ဖော်ထုတ် တင်ဆက်လိုက်ပါသည်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# တာရာမဂ္ဂဇင်း၏နိဂုံး (၁)

## (၁)

၁၉၅၀။ နွေဦးသည် ရွှေရောင်တစ်ဝက် မြရောင်တစ်ဝက် စပ်၍ ဆင်ယင်ထားသည်။ နှင်းငွေ့ပါးသွားသည်ဖြစ်၍ ကောင်းကင်အပြာသည် ဖန်သားထင်ကာ ကြည်လင်နေပေသည်။ တန်ခူးလေသည် သစ်ရွက်ရော်ရိုများနှင့် ကစားမြူးထူးနေဆဲ။

ကျွန်တော်သည် စာရေးစားပွဲ အကန့်များထဲမှ ဘလောက်တုံးများကို စက္ကူအကြမ်းပေါ်၌တင်ကာ အထားအသို လျာထားကြည့်နေသည်။ မေလထုတ် တာရာမဂ္ဂဇင်းအတွက် ပုံစံလုပ်နေခြင်းဖြစ်သည်။ စာစီဘက်မှ ကိုသောင်းသည် ကျွန်တော်ပြင်ရန် စီပြီးသား

mgyoe.com

mgyoe.com


စာရွက်ကြမ်းရှည်ရှည်များ စားပွဲပေါ်လာတင်သည်။ ကိုသောင်းမှာ ၁၉၄၈ ကျွန်တော် ပုံနှိပ်စက်ဝယ်ပြီး မကြာမီရောက်လာသည်။ ကျွန်တော့်လက်ရေးဆိုးကို ဖတ်နိုင်သည်မှာ အံ့သြဖွယ်ရာဖြစ်သည်။ ကျွန်တော်က အတွန့်အကောက်ကလေး ခြစ်ပြလိုက်သည်ပင် ကိုသောင်းသည် ဖတ်နိုင်သူဖြစ်သည်။ ယခုမူ ပုံနှိပ်စက်ကို ကျောချင်းကပ်လျက်ရှိ (၆) လမ်း သူ့အိမ်တွင်ထားသည်။ ပုံနှိပ်စက် ဝယ်ပြီးကတည်းက ကိုင်းတန်းတွင် အိမ်ခန်းငှားထားခဲ့သည်။ ပုံနှိပ်စက်မှာ ပထမ ကိုင်းတန်းမှ ရှမဝသို့ပြောင်း၊ နောက် ၅၁ လမ်းရှိ ရန်ကျော်ဂျာနယ်တိုက်သို့ပြောင်းသည်။ ယခု ကိုင်းတန်းသို့ တစ်ဖန် ပြန်ရောက်နေပေပြီ။

ကိုင်းတန်းမှာ ကျွန်တော်ငယ်စဉ် အသက် ၃၊ ၄ နှစ်အရွယ်ကနေခဲ့သော လမ်းဖြစ်သည်။ စစ်အတွင်းက ဗုံးကျထား၍ တိုက်ပြိုတိုက်ပျက်များ၊ တဲအိမ်များ၊ ပျဉ်ထောင်အိမ်သစ်များဖြင့် ပုံသစ်ဖြစ်နေသော ကိုင်းတန်း။ ယခင် အနှစ် ၂၅ ကျော် ကာလကနှင့် လုံးဝမတူသော ကိုင်းတန်း။ ရှေးက မြစ်ဝကျွန်းပေါ်ထွက်ကုန်များနှင့် ဆက်စပ်သော ကုန်သည်ပွဲစားများနေရာ၊ ယခုကား မြို့နေဆင်းရဲသား၊ စာရေးစာချီ၊ အလုပ်သမားများနေရာ၊ ရှေးအင်္ဂလိပ်ခေတ်က ချောမွေ့သော ကတ္တရား

mgyoe.com

mgyoe.com



လမ်း၊ ယခုကား စစ်ဒဏ်ရာမကျက်သေးသော ကျောက်ပေါက်ရာဗရပျစ်၊ ရေဝပ်ချိုင့်ပေါ်သော လမ်းဆိုးကြီး၊ နောက်ဖေးလမ်းကြားမှာလည်း ညစ်ပတ်နံစော်နေလေပြီ။ ယခင်က "ဝိလီယံလမ်း"ဟု အင်္ဂလိပ်ဘာသာဖြင့်ခေါ်သောလမ်း။ ၁၉၂၆ လောက်က ကျွန်တော်၏ဖခင်မှာ ဘလုပ်ဘရားသားကုမ္ပဏီ၌ ပွဲစားလုပ်ရာ ဤကိုင်းတန်းကမ်းနားလမ်းနှင့် တစ်တိုက်ခြား၌ ငှားနေဖူးသည်။ ကုမ္ပဏီက အိမ်လခ တစ်လ တစ်ရာပေးသည်။ ယခုကား စစ်အတွင်းက တောမှရွှေ့လာသော အိမ်ထောင်စုတဲကလေး ရောက်နေပေပြီ။

ကမ်းနားလမ်းဘက်မှ ပြေးလာသော နွေဦးလေသည် စားပွဲပေါ်ရှိ စာရွက်များကို ကစဉ့်ကလျား လွင့်ပါးစေ၏။

ယခုမေလထုတ် တာရာမဂ္ဂဇင်းကို နောက်ဆုံးထုတ်အဖြစ်ထုတ်ဝေရန် ကျွန်တော်ဆုံးဖြတ်ခဲ့ပြီ။ ၁၉၄၆ ဒီဇင်ဘာလထုတ် တာရာမဂ္ဂဇင်းသည် အမှတ် ၁ ဖြစ်သည်။ ယခု ၁၉၅၀ မေလထုတ် မဂ္ဂဇင်းသည် နောက်ဆုံးထုတ်ဖြစ်သည်။

ကျွန်တော်သည် စားပွဲပေါ်မှ လွင့်ပါးသွားသော စက္ကူဖြူဖြူများကို ငေးကြည့်နေသည်။ ကျွန်တော်၏ အတွေးသည် ၁၉၄၆ ဆီသို့ လွင့်ပါးသွားနေပေသည်။

mgyoe.com

mgyoe.com



# (၂)

၁၉၄၆။ ဗမာ့တပ်မတော် စစ်ထွက်အခမ်းအနား ကျင်းပသည့်နေ့က ကျွန်တော် ရန်ကုန်တွင် ရှိနေသည်။ ၁၉၄၅ ဖေဖော်ဝါရီလ (၁၇)ရက်နေ့ဖြစ်သည်။ ယခု တော်လှန်ရေးပန်းခြံလုပ်ထားသော ကွင်းကြီး၌ ဖြစ်သည်။ နံနက်ခင်းနေရောင်၌ ရွှေတိဂုံစေတီ၏ ရွှေရောင်သည် ထွန်းစည်ပဝင်းနေပေသည်။ စိမ်းသော ကွင်းထဲ၌ကား မားရောင်တို့သည် တလက်လက်ဖွေးနေသည်။ ဗိုလ်မှူးတစ်ယောက်က ဓားကို ဝင့်လိုက်တိုင်း လက်ခနဲ နေ၏။

ကျွန်တော်မှာ ခပ်လှမ်းလှမ်း လမ်းဘေးရှိ ပွဲကြည့်ပရိသတ်ကြား၌ ရောက်နေသည်။ အတန်းလိုက် စစ်အခမ်းအနားဟန်နေရှိသော ဗမာ့တပ်မတော်သားများကို ငေးကြည့်ရင်း ရင်ထဲ၌ လှုပ်ရှားနေမိ၏။

လုံ့စွပ်ရောင်၊ ဓားရောင်များ လက်သွား၏။ စစ်သေနာပတိကို အလေးပြုကြ၏။ ဗိုလ်မှူးတစ်ဦးမှာ မြင်းပေါ်တက်ရင်း မြင်းကခုန်ပေါက်ပြီး လိမ့်ကျကာ နောက်ပြန်တက်သည်။ ပရိသတ်မှာ ဟယ်ခနဲ ဖြစ်သွား၏ ။

ထို့နောက် ဗမာ့တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောသည်။ သူ၏ မိန့်ခွန်းမှာ

mgyoe.com

mgyoe.com


တိုတိုနှင့် လေးနက်၏။

"ရဲဘော်တို့ အောင်မြေနင်းပြီး စစ်မြေပြင်ထွက်ရမယ်။ ဆင်းရဲမယ်၊ ငတ်မယ်...။ အနီးဆုံးရန်သူကို တိုက်ရမယ်..."

လူထုကြီးက ဗိုလ်ချုပ်အောင်ဆန်း ပြောသော ရန်သူဘယ်သူဆိုသည်ကို သိနေကြပြီး ဖြစ်သည်။ ထို့နောက် ဗမာ့တပ်မတော်သည် မြို့တွင်းသို့ လှည့်လည်ချီတက်သွားသောအခါ အမျိုးသမီးများက အောင်သပြေပန်းတို့ဖြင့် ကြိုဆိုကြသည်။ ကျွန်တော်သည် ခြေလျင်လျှောက်၍ ရွှေတောင်ကြားသို့ ပြန်လာသည်။ ကောင်းကင်၌ကား လေယာဉ်ပျံများသည် အနိမ့်ပျံ၊ ကျွမ်းထိုးပျံကာ တပ်မတော်ကို အလေးပြုလျက်ရှိကြသည်။ သစ်ပင်ထိပ်ဖျား၌ တဝေါဝေါ အသံတို့ဖြင့် ပဲ့တင်ထပ်ကာ ဆူညံနေ၏။

ထိုည၌ စစ်ဝန်ကြီးနှင့် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ကြောင်းဖြန့် အမိန့်ပြန်တမ်းကို ဖတ်လျက်ရှိသည်။ ဗိုလ်ဇေယျအိမ်၌ မီးပျက်နေသဖြင့် ရေနံဆီမီးခွက်၌ ဖတ်ရသည်။

ကျွန်တော်မှာ "စစ်ဝန်ကြီးအား အမြန်ဆုံးလာတွေ့ပါ"ဟူသော သံကြိုးရသဖြင့် ကျိုက်လတ်မှ ရန်ကုန်လာရခြင်းဖြစ်သည်။ ဗမာ့တပ်မတော် ပြည်သူ့ဆက်ဆံ

mgyoe.com

mgyoe.com


ရေးဌာနၥ် ညွှန်ကြားရေးမှူးခန့်ကြောင်း စာပို့ကာ ခေါ်ယူခြင်းဖြစ်သည်။ ယခင်က ကျောင်းသားသမဂ္ဂ လုပ်ဖော်လုပ်ဖက်များအား ဖက်ဆစ်တော်လှန်ရေး လုပ်ခါနီးသောအခါ ခေါ်သဖြင့် ကျွန်တော်လည်း ပါလာရခြင်းဖြစ်ပေသည်။ စစ်တပ်နှင့် ကျွန်တော်မှာ မည်သို့မျှ မစပ်ဟပ်ဟု ခံစားနေသဖြင့် ကျွန်တော်သည် စစ်ဝန်ကြီးရုံးသို့ မသွားဘဲနေ၏။ ဗိုလ်ချုပ်အောင်ဆန်းနှင့်လည်း မတွေ့ဘဲနေ၏။ သို့နှင့်အချိန်ကုန်ကာ အလုပ်မဝင်ရဘဲ ရှိနေလေတော့သည်။

နောက်တစ်နေ့၌ ကျွန်တော် ကျိုက်လတ် ပြန်ခဲ့သည်။

## (၃)

မတ်လ တော်လှန်ရေးပြီးစဉ် ကျွန်တော်မှာ အတော်မကျန်းမာဘဲ ဖြစ်နေလေသည်။ သွေးအားနည်းနေ၏။ ၁၉၄၅ အောက်တိုဘာလ၌ကား ရန်ကုန်ရောက်နေတော့သည်။ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြသော ကာလဖြစ်သည်။ ကွန်မြူနစ်ပါတီ၊ ဖဆပလတို့မှာ အင်အားကောင်းနေကြသည်။ ကျွန်တော်မှာ ဒေါက်တာလှရွှေထံ၌ ဆေးထိုးရင်း ကွန်မြူနစ်ပါတီ ဌာနချုပ်၊ ဖဆပလ အဖွဲ့ချုပ်ရုံး၊ ပြည်သူ့ရဲ

mgyoe.com

mgyoe.com


ဘော်စခန်း စသည်နေရာများသို့ ရောက်နေသည်။ မိတ်ဆွေများက ကျွန်တော့်အား သူတို့နှင့်အတူ လုပ်ရန် ခေါ်ကြသည်။ ကျွန်တော့်မှာ ပြုံး၍သာ နေခဲ့၏။

အလယ်ပစ္စယံ၌ ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံရောက်သွားသောအခါ လူစုံတွေ့ရသည်။ ကျောင်းသားသမဂ္ဂနှင့် တို့ဗမာအစည်းအရုံးမှ မိတ်ဆွေများမှာ ကိုယ်စားလှယ်များဖြစ်နေကြသည်။ ကျွန်တော့်မှာ သူတို့ကိုမြင်သော် အားရကျေနပ်မိသည်။

ကျွန်တော်နှင့်ရင်းနှီးချစ်ခင်သော ကိုဗဟိန်းက နိုင်ငံရေးလုပ်ရန် ခေါ်နေသည်။ ပါတီတွင် မလုပ်လိုက ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂတွင်လုပ်ရန် နောက်ဆုံးပြော၏။ ဒုတိယဥက္ကဋ္ဌနေရာယူပြီး လှုံ့ဆော်ရေး ဝါဒဖြန့်ချိရေးဘက်လုပ်ရန်ပြော၏။

"အလုပ်သမား လူတန်းစား လှုပ်ရှားမှုမှာ ကိုယ်ထိလက်ရောက်ပါမှ ခင်ဗျားစာတွေ ထက်မြက်လာမှာပေါ့"ဟု သူက ပြော၏။

သာဂရ ငစိုး ထုတ်ဝေသော လက်ရွေးစင်စာစောင်၌ ကျွန်တော်၏ 'ပျိုးခင်းကိုဝင်'ဝတ္ထုတစ်ပုဒ် ပါလာရာ၊ ကိုဗဟိန်းက "ခင်ဗျားဝတ္ထုထဲက တောသူစကားပြောတာက ကောလိပ်ကျောင်းသူကျနေတာပဲ"

mgyoe.com

mgyoe.com


ဟု ဝေဖန်၏။

ကျွန်တော်က အင်းမလှုပ် အဲမလှုပ်ဘဲ ပြုံးနေသော အခါ သူကမကျေနပ်။ အလုပ်သမားစည်းရုံးရေး အတွက် ကျွန်တော့်ကို ဒလခေါ်သွား၏။

နောက်ဆုံးတွင်ကား ကိုဗဟိန်းက စိတ်ပျက်ကာ "ကဲ တစ်ခုတော့လုပ်ပေး ကျွန်တော်တို့ အမျိုးသမီး ကွန်ဂရက်က မဂ္ဂဇင်းတစ်စောင်ထုတ်ဖို့ စီစဉ်နေတယ်။ အဲဒီမှာတော့ ခင်ဗျားအယ်ဒီတာလုပ်ပြီး လှလှပပက လေး ဖြစ်အောင် လုပ်ပေးဗျာ"

"အမျိုးသမီးမဂ္ဂဇင်းမှာ ကျွန်တော်က အယ်ဒီတာ လုပ်လို့ ဆီလျော်ပါ့မလားဗျ၊ မဟုတ်ထာ"

"ဖြစ်ပါတယ် ကျွန်တော်တို့လည်း ဝိုင်းကူပေး မယ်။ မခင်ကြီးလည်းရှိတာပဲ။ ဥက္ကဋ္ဌ ဒေါ်ခင်ခင်ကြီး နဲ့ ခင်ဗျားကို တွေ့ပေးမယ်"

ကျွန်တော်မှာ မတတ်သာတော့၊ နောက်ဆုံး သူ လည်း မကျန်းမာဘဲ ခွင့်ယူသဖြင့် ထိုအမျိုးသမီးမဂ္ဂ ဇင်းလည်း မထုတ်ဖြစ်တော့သလားမသိ။ သို့သော် အင်္ဂလိပ်ဘာသာဖြင့် စာစောင်တစ်ခုထုတ်သည်။ အမျိုးသမီးကွန်ဂရက် အာဘော်တော့ မဟုတ်တော့ ပေ။

mgyoe.com

mgyoe.com


(၄)

အမှန်အားဖြင့် ကျွန်တော်မှာ နိုင်ငံရေးသမားများနှင့် အတူနေထိုင်ခဲ့သည်။ နိုင်ငံရေးသမား မိတ်ဆွေများစွာရှိသည်။ ကျွန်တော်မှာ စာပေသမားပေါက်စဖြစ်သဖြင့် စာပေသမားတို့နှင့်လည်း ရင်းနှီးသည်။ စာပေသမားထက် နိုင်ငံရေးသမားတို့နှင့် ပိုရင်းနှီးသည်။

သို့သော် ကျွန်တော်သည် နိုင်ငံရေးသမား မဖြစ်ခဲ့ပေ။

ကျွန်တော်သည် နိုင်ငံရေးကို ယုံကြည်၏။ သို့သော် နိုင်ငံရေးသမားများနှင့် ပတ်သက်၍ ကျွန်တော့်ရင်တွင်း၌ ခံစားနေသော သံသယတစ်ခုရှိနေ၏။ နိုင်ငံရေးပန်းတိုင်ကား ကျွန်တော်နှင့်အတူတူပင် ဖြစ်၏။ သို့သော် နိုင်ငံရေးသမားတွေနှင့် ကျွန်တော်မှာ အကြီးအကျယ်ကွဲတာ ရှိ၏။ သူတို့က ပန်းတိုင်ရောက်အောင် ဘယ်နည်းနှင့်မဆို သွားနိုင်ကြ၏။ ကျွန်တော်က "ဘယ်နည်းနှင့်မဆို"ကို လက်ခံ၍မရ။ ပန်းတိုင်လည်း မှန်ရမည်၊ သွားမည့် နည်းလမ်းလည်း မှန်ကန်ရမည်၊ ဖြောင့်ရမည်ဟု ယုံကြည်နေမိသည်။ မှန်ကန်ရမည်၊ ဖြောင့်ရမည်ဆိုရာ၌ တရားသောနည်းလမ်းကို ဆိုလို၏။

mgyoe.com

mgyoe.com


နိုင်ငံရေးပန်းတိုင်ကား တိုင်းပြည်ကြီးပွားရေး ဖြစ်သည်။ သို့သော် တကယ်လက်တွေ့ကား လုပ်ရင်းလုပ်ရင်း မိမိ၏ပုဂ္ဂလိက ကြီးပွားရေး ဖြစ်နေတတ်သည်။

တစ်ခါက ကျောင်းသားဘဝ ယခု နိုင်ငံရေးခေါင်းဆောင်ဖြစ်နေသူက နယ်ချဲ့တော်လှန်ရေးအတွက် ရန်ပုံငွေလိုကြောင်း ပြောရင်း ဓားပြတိုက်ရန် အကြံပေးသည်။ "မရရတဲ့နည်းနဲ့ လုပ်ရမှာပါပဲကွ"ဟု သူကပြော၏။ ကျွန်တော်က ယင်းနည်းကို သဘောမတူ။ သူက ကျွန်တော့်ကို "မင်းက စိတ်ကူးယဉ်သမားပဲ" ဟု ဆို၏။ "အင်္ဂလိပ်တွေဆီက တိုက်ရင် သာတရားသေးတယ်"ဟု သူကဆက်၍ပြောနေဆဲ၊ ကျွန်တော်မှာ ငေး၍သာ နေခဲ့လေသည်။ သူတို့က ကျွန်တော့်ကို တိုင်တော့ တိုင်ပင်၏။ သို့သော် ကျွန်တော်ပြောတာ အကုန် ဘယ်တော့မှ မလုပ်ကြပေ။

သူတို့က ကျွန်တော့်ကို ရေးခိုင်း သားခိုင်း၏။ ကျွန်တော်က ရေးသားပေးရ၏။ သို့သော် ဘယ်တော့မှ ကျွန်တော်ရေးသည့်အတိုင်း မပြော၊ မလုပ်။ ဆုံးအောင်မလုပ်၊ သူတို့လိုတာသာ သုံးသွားကြ၏။

မတ်လတော်လှန်ရေးအပြီး၌ ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီများ အထင်အရှားပေါ်လာကြသည်။

mgyoe.com

mgyoe.com



အင်အားချင်းပြိုင်ကြသည်။ ပါတီ နှစ်ရပ်စလုံး၌ ကျောင်းသားဘဝက ကျွန်တော့်မိတ်ဆွေများ ရှိနေကြသည်။ ကွန်မြူနစ်ပါတီမှ အလံနီခွဲထွက်သွားသောအခါ အလံနီထဲ၌ ကျွန်တော့်မိတ်ဆွေများ ရှိနေ၏။ ကျွန်တော်တို့ ကျိုက်လတ် ကွန်မြူနစ်ပါတီမှာ အလံနီဖြစ်သွားခဲ့သည်။ ကျိုက်လတ်မှာ ဂျပန်ခေတ်က သခင်စိုးသွားလာရာဖြစ်သည်။ သူတို့သည် ကျွန်တော့်ထံ အလှူလာခံကြ၏။ အာဏာသစ်ဂျာနယ် လာရောင်း၍ ဝယ်ရ၏။ ဖဆပလဂျာနယ်၌ပင် ကျွန်တော် ရေးပေးရဖူး၏။ ဖဆပလ ပြန်ကြားရေးဌာန၌လုပ်နေသော ကိုထွန်းအုံ(မြူနီစပယ်မင်းကြီးဟောင်း)နှင့် ကျွန်တော်မှာ ဆေးရုံကြီးရှိ ဒေါက်တာလှရွှေထံ၌ ဆေးထိုးရင်း ဆုံမိကြရာ၊ ကိုထွန်းအုံက ဖဆပလစာစောင်အတွက် ကျွန်တော့်ထံ မကြာခဏ နားလာပူ၍ သူ့အားအကူအညီပေးရသည်။ နာမည်တစ်ခုဖြင့် ဆောင်းပါး၊ အတိုအထွာများ ရေးသားပေးလိုက်ရသေးသည်။

ထိုအခါက ကျွန်တော်မှာ ရန်ကုန်အနောက်ပိုင်း၌ နေလေရာ မနက်ဘက် ညနေဘက်တို့တွင် လတ္တာလမ်းတစ်ဝိုက်ရှိ တိုက်ပျက်ဆင်ဝင်ကြီးများအောက်ရှိ 'သူခိုးဈေး'သို့သွားကာ ကိုကိုး၊ ဟောလစ်၊ အိုဗာတင်း၊ နို့မှုန့် စသည်များကို ဝယ်တတ်သည်။ ဟောလစ်၊ အို

mgyoe.com

m•gyoe.com



ဗာတင်းမှာ သုံးကျပ်ခွဲထက် မပိုပေ။ မဟာမိတ် စစ်တပ်မှ ခိုးထုတ်သော ပစ္စည်းများချည်းပေ။ ထိုသူခိုးဈေးတွင် စာအုပ်ဆိုင်များ ကြုံကြားတွေ့ရလေသည်။ သိမ်ကြီးဈေး၏ ကွေးကောက်တွဲလောင်းကျနေသော သံယက်မများအောက်၌ ဝတ္ထုစာအုပ်ဆိုင်တန်းများမှ ရောင်စုံပြုံးပြက်နေကြလေသည်။ အဖြူပေါ်မှ ကြယ်နီပွင့်များကိုလည်း လှမ်းတွေ့လိုက်ရသည်။ ကောင်လေးကောင်မလေးရုပ်များလည်း ပါသည်။ သွေးသောက်၊ အရှေ့တိုင်း မဂ္ဂဇင်းများ၊ ပြည်သူ့အာဏာ၊ ဂျာနယ်ကျော်၊ ဇဝန စသော ဂျာနယ်များ ထွက်နေကြသည်။

ကျွန်တော်မှာ စာပေမဂ္ဂဇင်းတစ်စောင် ထုတ်လိုစိတ် ပေါ်နေသည်။

## (၅)

ထိုအတွင်း ကျောင်းနေဘက်မိတ်ဆွေ သူငယ်ချင်းများဖြစ်သော သာဂရစိုး၊ မောင်မောင်၊ ကိုလှကြည်၊ လင်းပင်ထိပ်တင်လတ် စသူများနှင့် စကားစပ်ကြရင်း ဆန်းသစ်ဦးအမည်ဖြင့် ဂျာနယ်တစ်စောင်ထုတ်ရန် စုဝေးမိကြသည်။ ကာတွန်းဦးဘဂျမ်းကို အမှတ်အသားပုံ ရေးခိုင်းရာ၊ သူက သစ်ငုတ်တိုပေါ်မှ အညွန့်အညှောက်ထွက်လာသောပုံ ရေးပေးလိုက်သည်။

mgyoe.com

mgyoe.com



Renaissance ဟူသော စကားလုံးကို ဘာသာပြန်ကာ 'ဆန်းသစ်ဦး' ဟု အမည်မှည့်ကြခြင်းဖြစ်သည်။ ၁၉၄၆ နှစ်ဦးကဖြစ်၏။ သူတို့က ကျွန်တော့်အား တည်းဖြတ်ရေး တာဝန်ပေးကာ 'ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ' နေရာထားသည်။ စီးပွားရေးလုပ်ငန်း နားလည်သော လင်းပင်ထိပ်တင်လတ်မှာ မန်နေဂျာ အတွင်းရေးမှူးဖြစ်သည်။ ကျွန်တော်တို့သည် ဆောင်းပါးများ စုဆောင်းကြသည်။ ဘလောက်များပင် အပ်ပြီးပြီ။ ကျွန်တော်တို့မှာ ကြံစည်ရင်း၊ စိတ်ကူးရင်း၊ ဆွေးနွေးကြရင်းပင် အချိန်တွေ ရွေ့လာကာ လူစုကွဲသွားကြတော့သည်။ သာဂရရင်စိုးမှာ မြန်မာ့အလင်း အယ်ဒီတာအဖွဲ့သို့ အလုပ်ဝင်လိုက်သည်။ မောင်မောင်မှာ သူ၏ဖခင် သူရိယဦးဘကလေးနှင့် သမာဓိသတင်းစာ တည်ထောင်လိုက်ရာ ပါသွားသည်။ ကိုလှကြည်မှာ ဂျာနယ်ကျော်အယ်ဒီတာ ဖြစ်သွားသည်။ လင်းပင်ထိပ်တင်လတ်မှာ ကုမ္ပဏီတစ်ခု တည်ထောင်ကာ ယခုမူ နယူးစဝိသတင်းထောက် ဖြစ်နေ၏။ သူသည် စစ်မဖြစ်ခင်က နယူးဘားမား သတင်းစာတွင် အယ်ဒီတာလုပ်ခဲ့သည်။

ကျွန်တော်တို့ ကျောင်းနေဖက် စာပေသူငယ်ချင်းများအနက် စစ်ပြီးသောအခါ အချို့မဂိုလမ်း၌ ဖွင့်လှစ်

mgyoe.com

mgyoe.com



ထားသော အရေးပေါ်တက္ကသိုလ်၌ ဆက်တက်ကြသည်။ အချို့ဘွဲ့ရကာ အလုပ်ရသူရ၊ နိုင်ငံခြားပညာတော်သင်သွားသူ သွားကြသည်။ ကိုသန်းထွတ်(တိုက်စိုး)နှင့် ကိုထင်ကြီးတို့မှာ အင်္ဂလန်၊ အမေရိကန်သို့ ထွက်သွားကြသည်။ တချို့လည်း စစ်ဖြစ်စနှင့်ဂျပန်ခေတ်က အလုပ်ရနေကြသည်။ ကိုတက်တိုးနှင့်မန်းတင်မှာ အစိုးရအမှုထမ်းများ ဖြစ်နေကြသည်။

ကျွန်တော်မှာ စစ်ပြီးသော်လည်း ကျောင်းဆက်မနေတော့။ ထို့ကြောင့် ကျောင်းဆက်မနေသူများစုဝေးကြခြင်းဖြစ်မည်။ ဆန်းသစ်ဦးဂျာနယ်မှာလည်းရုပ်လုံးမပေါ်သေး၊ အလုပ်အကိုင်တစ်ခုအနေနှင့်လည်းကြီးကြီးကျယ်ကျယ် အလားအလာ သိပ်မမျှော်လင့်ကြသဖြင့် အသီးသီး အလုပ်အတည်တကျ ရသွားကြသောအခါ လူစုကွဲသွားကြခြင်း ဖြစ်ပေသည်။

ကျွန်တော်မှာမူ နိုင်ငံရေးဘက်လည်း စိတ်ကဘဝင်ကျကျ မရှိလှသဖြင့် အများပြည်သူနှင့်လည်းဆက်စပ်သော စာပေလုပ်ငန်းတစ်ခုခုကို လုပ်ချင်စိတ်က ရှိနေဆဲ။

## (၆)

## ၁၉၄၆ ဩဂုတ်လလောက်၌ကား တာရာမဂ္ဂဇင်း

mgyoe.com

mgyoe.com



ဟူသော အမည်ဖြင့် စာပေမဂ္ဂဇင်းထုတ်ဝေခွင့် လျှောက်လွှာကို ရန်ကုန်ခရိုင် တရားသူကြီးရုံးသို့ တင်လိုက်လေတော့သည်။

ကျွန်တော် တစ်ယောက်တည်းကျဲမည်ဟု စိတ်ကဆုံးဖြတ်လိုက်သည်။ ကျွန်တော့် ရင်ထဲ၌ ဟာနေခြင်းကို ဖြည့်လိုက်ခြင်းပင် ဖြစ်လေသည်။

ကျွန်တော်တို့မှာ လယ်သမားမျိုးရိုးဖြစ်သည်။ လယ်ယာချောင်းမြောင်း၌ ကြီးပြင်းလာကြသူများဖြစ်၍ မြို့ကြီးပြကြီးသို့ မလွှဲမရှောင်သာ၍သာ ရောက်လာကြခြင်း ဖြစ်ပေသည်။ မိဘများက ကျွန်တော်တို့အား အစိုးရအမှုထမ်း စသည်တို့ မလုပ်စေချင်။ ကျွန်တော်တို့ အဘွားဆိုလျှင် "တို့က ဆင်းရဲသားတွေ" ဟု ပြောလေ့ရှိသည်။ အုပ်စိုးသူ မင်းမဟုတ်လျှင် ဆင်းရဲသားဟု သဘောထားသည်။ အအုပ်စိုးခံကို ဆင်းရဲသားဟု မှတ်ယူသည်။ ကျွန်တော်တို့အိမ်မှာ အဆန်းဖြစ်သည်။ စာမေးပွဲ မအောင်သဖြင့်တော့ အိမ်ကဘယ်တော့မှ အပြစ်မတင်။ စာမေးပွဲ အောင် မအောင်မှာ သူတို့အဖို့ အရေးမကြီး။ ညဘက်စာကြည့်လျှင်ပင် အိမ်ကဆူသည်။ အပင်ပန်းခံရမလားဟု ဆူခြင်းဖြစ်သည်။ ဆယ်တန်းအောင်သောအခါ မျက်စိပွင့်အောင်ဆို၍သာ ရန်ကုန်တက္ကသိုလ်သို့ ပို့ခြင်းဖြစ်သည်။

mgyoe.com